**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

## ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၏ (၇၄) ကြိမ်မြောက်၊ ကရင့် အမျိုးသားနေ့သို့ ပေးပို့သော သဝဏ်လွှာ

ထေးကူ လဆန်း (၁၁) ရက်၊ ၂၇၆၁ ခုနှစ်၊
ဖေဖော်ဝါရီလ (၁၁) ရက်၊ ၂၀၂၂ ခုနှစ်

**ကရင့်အမျိုးသား အပေါင်းတို့**

ယနေ့ ဖေဖော်ဝါရီလ (၁၁) ရက်နေ့သည် (၇၄) ကြိမ်မြောက် **ကရင်အမျိုးသားနေ့(Karen National Day)**ဖြစ်ပြီး ကရင့်တစ်မျိုးသားလုံးအတွက် တန်ဖိုး မဖြတ်နိုင်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင့်အမျိုးသားတို့အတွက် တန်ဖိုး မဖြတ်နိုင်သော နေ့ထူးနေ့မြတ် အခါသမယတွင် ကရင့်အမျိုးသားတို့၏ စည်းလုံး ညီညွတ်မှုနှင့် ကရင့်အမျိုးသားများ၏ ဂုဏ်သိက္ခာကို အကောင်းဆုံး ထိန်းသိမ်းမြှင့်တင်ကြပြီး အမျိုးသားတို့၏ စိတ်ဓာတ်၊ ဂုဏ်အရှိန်အဝါများနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကရင့်အမျိုးသား အပေါင်းတို့**

မိမိတို့ ကရင့်အမျိုးသားများသည် လူမျိုးတစ်မျိုး၏ ဂုဏ်အင်္ဂါလက္ခဏာရပ်များဖြစ်သော သမိုင်း၊ ယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့၊ စကား နှင့် စာပေတို့ဖြင့် ပြီးပြည့်စုံသော လူမျိုးတစ်မျိုး ဖြစ်ပါသည်။ မိမိတို့ ကရင့်အမျိုးသားများသည် ငြိမ်းချမ်းမှုကို ချစ်မြတ်နိုးပြီး အေးအေးချမ်းချမ်း နေထိုင်သည့် ဓလေ့စရိုက် အပြင် မိမိတို့နှင့် သက်ဆိုင်နီးနွယ်နေကြသော လူမျိုးများနှင့် အတတ်နိုင်ဆုံး အေးအေးချမ်းချမ်း နှင့် အတူတကွ နေထိုင်တတ်သော အလေ့အထ ရှိပါသည်။ ရန်လိုမှုများ နှင့်အကြမ်းဖက်မှုများကိုလည်း လိုလားသော လူမျိုး မဟုတ်ပေ။

ထို့ကြောင့်၊ ဖိနှိပ်မှု အမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ကြုံကြရသောအခါတွင် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်လေ့ရှိတတ်သောကြောင့် တောင်ရိုးတောင်စွယ်များနှင့် ပင်လယ်ကမ်းခြေအထိ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည့် အလေ့အထ ရှိပါသည်။ သို့ရာတွင်၊ အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတ ကြွယ်ဝလာကြသော ခေတ်အချိန်အခါတွင် ဖိနှိပ်မှုနှင့် နိုင်ထက်စီးနင်းမှုများကို ရှောင်ရှား၍ မဖြစ်နိုင်ကြောင်း သိရှိနားလည်လာကြသော မိမိတို့၏ အမျိုးသားသည် အခြားသော လူမျိုးများနှင့် အတူယှဉ်တွဲနေထိုင်ပြီး မိမိတို့၏ ရသင့်ရထိုက်သော တန်းတူရေး နှင့် အခြားသော ရပိုင်ခွင့် အခွင့်အရေးများအတွက် ကြိုးစားအားထုတ်ကြရမည့် အတွေးအမြင်များ ပေါ်ထွန်းလာခဲ့ကြပါသည်။ ကရင့်အမျိုးသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊

ကရင့်အမျိုးသားတို့၏ လူမှုဘ၀ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဂပြောရေးအတွက် အတွေးအမြင်များလည်း ပွင့်လာခဲ့ကြပါသည်။ ထိုကဲ့သို့သော အတွေးအမြင်နှင့် ရည်မှန်းချက်များကြောင့် ကရင့်အမျိုးသားများအကြား စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ တစတစ ပိုမို အားကောင်းလာခဲ့ပါသည်။ ထို့ကြောင့်၊ ခရစ်နှစ် ၁၈၈၁ ခုနှစ်တွင် နိုင်ငံလုံးဆိုင်ရာ **ကရင့်အမျိုးသားအစည်းအရုံး** (Karen National Association - KNA) ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဤ **ကရင့်အမျိုးသားအစည်းအရုံး** (KNA) သည် အမျိုးသားများအတွက် ပထမ ဦးဆုံးသော နိုင်ငံလုံးဆိုင်ရာ အစည်းအရုံးဖြစ်ခဲ့ပါသည်။

## ကရင့်အမျိုးသား အပေါင်းတို့

မိမိတို့ ကရင့်အမျိုးသား၏ လှုပ်ရှားမှုများ ပိုမိုအားကောင်းလာစေရန် **ကရင့်အမျိုးသား ဆိုင်ရာ ကွန်ဖရင့် (Karen National Conference)** တစ်ရပ်ကို ခေါ်ယူကျင်းပခဲ့ကြပြီး ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ကရင့်အမျိုးသားရေး လှုပ်ရှားမှုများကို ဦးဆောင်ရန် **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး** ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကရင့်အမျိုးသားများ၏ လှုပ်ရှားမှု အရှိန်အဟုန်များသည်လည်း ပိုမိုအားကောင်းလာခဲ့ပါသည်။ ထို့အပြင်၊ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးကြီး**၏ ဦးဆောင်မှုအောက်၌ ကရင့်အမျိုးသားများ၏ ရည်မှန်းချက်များကို ထုတ်ဖော်ပြသသည့် အနေဖြင့် မြို့ရွာ အသီးသီးတွင် ကရင့်အမျိုးသားလူထုကြီး လေးသိန်းကျော်က -

(၁) ကရင်ပြည် ချက်ချင်းပေး

(၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ

(၃) ပြည်တွင်းစစ် အလိုမရှိ

(၄) လူမျိုးရေး အဓိကရုဏ်း အလိုမရှိ

ဟူသော ဆောင်ပုဒ်ကြီး (၄) ရပ်ဖြင့် ပြည်ထောင်စုကြီးတွင် အေးချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရန်အတွက် **ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး၊ တန်းတူရေး၊ ငြိမ်းချမ်းရေးနှင့် အပြန်အလှန် လေးစားအသိအမှတ်ပြုရေးများ**ကို တောင်းဆိုခဲ့ကြပါသည်။

ထို့ကြောင့်၊ ကရင့်အမျိုးသားများ၏ ရည်မှန်းချက်များကို ထုတ်ဖော်ပြသခဲ့သည့်နေ့အား ခေတ်အဆက်ဆက် မမေ့မလျော့ အောက်မေ့ဂုဏ်ပြုနိုင်ရန် ၁၉၅၃ ခုနှစ် နိုဝင်ဘာလ (၂၃) ရက်မှ (၂၅) ရက်နေ့အထိ ကျင်းပခဲ့သည့် **ပထမ ဦးဆုံး ကော်သူလေး ကွန်ဖရင့်** တွင် ဖေဖော်ဝါရီလ (၁၁) ရက်နေ့ကို **ကရင့်အမျိုးသားနေ့ (Karen National Day)** အဖြစ် အသိအမှတ်ပြုသတ်မှတ်ခဲ့ကြပါသည်။ သို့ရာတွင်၊ ကရင့်အမျိုးသားများ၏ ရည်မှန်းချက်များ ဖြစ်သည့် **ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး၊ တန်းတူရေး၊ ငြိမ်းချမ်းရေးနှင့် အပြန်အလှန် လေးစားအသိအမှတ်ပြုရေး** များကို အာမခံချက်ပေးနိုင်သော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီး အသွင်အပြင်သည် ယနေ့ထက်ထိတိုင် လုံးဝ ရုပ်လုံး ပေါ်မလာပဲ ရှိနေဆဲပင် ဖြစ်ပါသည်။

## ကရင့်အမျိုးသား အပေါင်းတို့

အကြမ်းဖက်မှုများနှင့် ရက်စက်သတ်ဖြတ်မှုများကြောင့် မလွဲမရှောင်သာ ကရင့်အမျိုးသားများ၏ ရည်မှန်းချက်များကို အကောင်အထည် ဖော်ဆောင်နိုင်ရန် မိမိတို့၏ နိုင်ငံရေး ရပ်တည်ချက်များနှင့် မိမိတို့ ကရင့်အမျိုးသားများကို ကာကွယ်နိုင်ရန် ခုခံတော်လှန်ရေးကို ဆင်နွှဲခဲ့ကြရသည်မှာ နှစ်ပေါင်း (၇၀) ကျော် ရှိခဲ့ပါပြီ။ သို့ရာတွင်၊ ဤခုခံတော်လှန်ရေးကို မိမိတို့ အနေဖြင့် အမှန်တကယ် ရွေးချယ်ခဲ့ကြသည် မဟုတ်ပေ။ မိမိတို့၏ ဘ၀ ဖြတ်သန်းမှုများနှင့် လေ့လာတွေ့ရှိမှုများအရ နိုင်ငံ တစ်နိုင်ငံတည်းအတွင်း အတူတကွ နေထိုင်နေကြသည့် လူမျိုးများ အနေဖြင့် အပြန်အလှန် စစ်ခင်းကြခြင်း နှင့် ခုခံ တော်လှန်နေ ခြင်းများသည် နိုင်ငံရေးအတွက် နောက်ဆုံး အဆုံးအဖြတ် ပေးနိုင်သော အဖြေကောင်းများ မဟုတ်ပေ။ ထို့ကြောင့်၊

နိုင်ငံရေး နှင့် တရားမျှတသော နည်းလမ်းများဖြင့် မိမိတို့လူမျိုးများ၏ မွေးရာပါ အခွင့်အရေးများကို ရရှိနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။ သို့ရာတွင်၊ ခေတ်အဆက်ဆက် အုပ်ချုပ်သူများ အနေဖြင့် နိုင်ငံရေး စိတ်ဆန္ဒ နှင့် နိုင်ငံရေး သမာသမတ်မှုများကို မတွေ့ရှိခဲ့ရပေ။ မည်သို့ပင်ဖြစ်စေ၊ ဖြစ်ပေါ် တိုးတက် နေသော အခြေအနေ အဂေါကို သုံးသပ်ပြီး နိုင်ငံရေးအရ နည်းလမ်းကောင်းများကို ရှာဖွေ ဖော်ထုတ်ကာ မိမိတို့ ကရင့်အမျိုးသားများ၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိသည်အထိ ဆက်လက် လျှောက်လှမ်း သွားပါမည်။

လူမျိုးတစ်မျိုး အနေဖြင့် ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တန်းတူရေး အပြင် လူမျိုး တစ်မျိုး အနေဖြင့် ဖွံ့ဖြိုး တိုးတက်နိုင်ရန် နည်းလမ်းများစွာရှိပြီး ထိုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ကာ ကြိုးပမ်းအားထုတ်သွားကြရ ပါမည်။ ကရင့်အမျိုးသားများမှလည်း မိမိတို့၏ နေရပ်ဒေသနှင့် ကျရာ အခန်းကဏ္ဍ အသီးသီးတွင် မိမိတို့ အမျိုးသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်ရာ အခန်းကဏ္ဍတွင် ကြိုးစားမြှင့်တင် ကြပါသည်။ အပြန်အလှန် အပြစ်တင် ပြောဆိုမှုများသည် မိမိတို့ အမျိုးသားများ၏ ဘဝကို မြှင့်တင်ပေးနိုင် မည် မဟုတ်ပေ။ မိမိတို့ အမျိုးသားများ၏ ရည်မှန်းချက်ပန်းတိုင်များကို အမှန်တကယ် ကြိုးပမ်းအကောင် အထည် ဖေါ်ဆောင်ခြင်းဖြင့် မိမိတို့ ကရင့်အမျိုးသားများ၏ သမိုင်းအမှန်ကို ရေးသားဖေါ်ထုတ်ကြရပါမည်။ ကရင့်အမျိုးသားများသည် အနိုင်ယူဖိနှိပ်စော်ကားခြင်းများကို လက်မြှောက်အရှုံးပေးတတ်သည့် သမိုင်း မရှိသော လူမျိုးတစ်မျိုး ဖြစ်သည်ကို မိမိတို့ အနေဖြင့် ဂုဏ်ယူဂမ်းမြောက်ကြရပါမည်။

**ကရင့်အမျိုးသား အပေါင်းတို့**

နိုဂုံးချုပ် အနေဖြင့် ယခုကဲ့သို့သော **ကရင့် အမျိုးသားနေ့ (Karen National Day)** အခါသမယ တွင် မိမိတို့ ကရင့် အမျိုးသားထု တစ်ရပ်လုံးအား တိုက်တွန်းလိုသည်မှာ မိမိတို့ အမျိုးသားများ၏ သမိုင်း၊ ဂုဏ်အင်္ဂါရပ်များ နှင့် အမျိုးသား လက္ခဏာ အစစ်အမှန်များကို ၁၉၄၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၁) ရက်နေ့ ကဲ့သို့ပင် ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ဖေါ်ဆောင်ပြီး မြှင့်တင်ကြပါ။ မိမိတို့ အမျိုးသားများ၏ တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် အခြားသော ရပိုင်ခွင့် အခွင့်အရေးများအတွက် စည်းစည်းလုံးလုံးဖြင့် ကြိုးပမ်း အားထုတ်ပြီး အကောင်အထည်ဖေါ်ဆောင်ကြပါ။ လူမျိုးတိုင်း နှင့် ဘာသာတရားတိုင်းအတွက် လွတ်လပ်မှု၊ တန်းတူမှု နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များကို အာမခံချက် ပေးနိုင်ပြီး နိုင်ငံသူနိုင်ငံသား အားလုံး နှင့် ပြည်သူလူထု တစ်ရပ်လုံးက မျှော်လင့်စောင့်စားနေကြသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်နေကြသည့် လူမျိုးတိုင်း၊ အဖွဲ့အစည်းတိုင်းနှင့် လက်တွဲပြီး အကောင်အထည် ဖေါ်ဆောင်ကြရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။

ဥက္ကဌ
ကရင့်အမျိုးသား အစည်းအရုံး
ဗဟိုဌာနချုပ်